DaNa Facility
Empowering Enterprise

# ဓနအဖွဲ့အစည်း၏ လုပ်ငန်းလည်ပတ်မှု စည်းမျဉ်းများ

## အားလုံးပါဝင်အကျိုးခံစားခွင့်ရသော၊ ရေရှည်တည်တံ့သော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု

- မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသူများအားလုံးပါဝင်၍ အကျိုးခံစားခွင့်ရသည့် စီးပွားရေး တိုးတက်မှုနှင့် ရေရှည်တည်တံ့သော လူမှု၊ သဘာဝပတ်ဝန်းကျင်ကောင်းတစ်ရပ် ဖြစ်ထွန်းလာစေမည့် လုပ်နည်းလုပ်ဟန်များရှိသော စီးပွားရေးလုပ်ငန်းများကို မိမိတို့က အားပေး၊ ကူညီပေးသွားမည် ဖြစ်သည်။
- ဓနအဖွဲ့အစည်းမှ ဝင်ရောက်ကူညီပေးမှုများနှင့် အကူအညီပေးရေး မဟာဗျူဟာများသည် မြန်မာ့လူ့အဖွဲ့အစည်းတွင် ဆင်းရဲနွမ်းပါးမှုဒဏ်ကို အများဆုံး ခါးစည်းခံနေသူများ၊ အမျိုးသမီးများနှင့် အခြားသော အခွင့်အလမ်းမသာသည့် အုပ်စုများအတွက် စီးပွားရေးအခွင့်အလမ်းများကို မြှင့်တင်ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။
- မြန်မာနိုင်ငံ၏ လိုအပ်ချက်များကို ကူညီပံ့ပိုးရာတွင် နိုင်ငံတကာမှ အလေ့အကျင့်ကောင်းများကို ကျင့်သုံးသွားမည် ဖြစ်သလို၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများကို ထည့်သွင်းစဉ်းစား၍ မြန်မာပြည်အကြောင်း နားလည်တတ်ကျွမ်းသူများ၏ ရှုမြင်သုံးသပ်ချက်များကိုလည်း အလေးထား၍ စီးပွားရေးတွင် အထောက်အကူဖြစ်စေရန် ဝင်ရောက်ကူညီပေးသွားမည် ဖြစ်သည်။ လူ့အဖွဲ့အစည်းအတွင်း ယုံကြည်မှုနှင့် ကျေနပ်မှုကို ဖော်ဆောင်ပေးပြီး မိမိတို့အဖွဲ့အစည်းကြောင့် လူ့အဖွဲ့အစည်းအတွင်း စိတ်ဝမ်းကွဲမှု မဖြစ်ပေါ်လာစေရန် ချင့်ချိန်ဆောင်ရွက်သွားမည် ဖြစ်သည်။
- လူပုဂ္ဂိုလ်များ၊ ကုမ္ပဏီများနှင့် အစိုးရအဖွဲ့အစည်းများအားလုံး အခွင့်အရေးနှင့် အကျိုးကျေးဇူးများ မျှတစွာ ရရှိခံစားလာနိုင်စေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ကူညီပံ့ပိုးပေးသွားမည် ဖြစ်သည်။
- စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရာတွင် တာဝန်ယူမှုရှိသော အလေ့အကျင့်ကောင်းများကိုသာ ကျင့်သုံးလုပ်ကိုင်ကြရန် မိမိတို့အနေဖြင့် တိုက်တွန်းအားပေးသွားမည် ဖြစ်သလို မိမိတို့ကိုယ်တိုင်လည်း အမူအကျင့်ကောင်းများကိုသာ ဆုပ်ကိုင်ကျင့်သုံးသွားမည် ဖြစ်သည်။
- မြန်မာနိုင်ငံတွင် လုပ်ကိုင်ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများထဲမှ ဝန်ထမ်းများ၏ အခွင့်အရေးကို လေးစားလိုက်နာမှုရှိသည့်၊ လူမှုအသိုင်းအဝိုင်းနှင့် သဘာဝပတ်ဝန်းကျင်ကို မပျက်စီးစေဘဲ ထိန်းသိမ်းစောင့်ရှောက်သည့် လုပ်ငန်းဆောင်ရွက်ချက်များကိုသာ ကူညီထောက်ပံ့ပေးသွားမည် ဖြစ်သည်။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ငွေကြေးဝန်ဆောင်မှုများ လက်လှမ်းမီလာစေမည့် ဆန်းသစ်တီထွင်မှုများကို ကူညီပံ့ပိုးပေးသွားမည် ဖြစ်သည်။

## မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ထိခိုက်မှုမရှိအောင် လုပ်ဆောင်ခြင်း

- မိမိတို့၏ ကူညီထောက်ပံ့မှုများသည် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးနှင့် မြန်မာ့ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်များအကြား ချိတ်ဆက်မှုကို ဂရုတစိုက် ထည့်သွင်းစဉ်းစားသွားမည်ဖြစ်သလို ယခင်က စိတ်ဝမ်းကွဲခဲ့ကြသည့် အုပ်စုများအကြား ယုံကြည်မှုပြန်လည်ရရှိလာစေပြီး အတူအကွ လက်တွဲလာနိုင်စေမည့် အခွင့်အလမ်းများကိုလည်း ရှာဖွေဖော်ထုတ်သွားမည် ဖြစ်သည်။
- စစ်ရေးစွမ်းရည်ကို မြှင့်တင်ပေးရာရောက်မည့် ငွေကြေး၊ နည်းပညာ၊ ကိရိယာများနှင့် အခြားသော ပံ့ပိုးမှုများကို မည်သည့်အခါမှ မလုပ်မိအောင် မိမိတို့အနေဖြင့် အစဉ်တစိုက် ရှောင်ကြဉ်သွားမည် ဖြစ်သည်။

- မိမိတို့သည် မဟာဗျူဟာချမှတ်ခြင်းနှင့် ဂင်ရောက်ကူညီမှုများ ပြုလုပ်ရာတွင် အခြေအမြစ်ရှိသော လက်တွေ့အခြေအနေ သုံးသပ်မှုများအပေါ်တွင်သာ အခြေခံ လုပ်ဆောင်သွားမည်ဖြစ်ပြီး မိမိတို့၏ ငွေကြေးထောက်ပံ့မှုဖြင့် လုပ်ကိုင်နေသည့် အဖွဲ့အစည်းများအနေဖြင့်လည်း အလားတူ ကျင့်သုံး ဆောင်ရွက်ရန် လိုအပ်ချက်တစ်ရပ် သတ်မှတ်ထားရှိမည် ဖြစ်သည်။
- မိမိတို့၏ အစီအစဉ်များနှင့် မိမိတို့၏ ငွေကြေးထောက်ပံ့မှုဖြင့် လုပ်ကိုင်နေသည့် အဖွဲ့အစည်းများ၏ အစီအစဉ်များကြောင့် ပဋိပက္ခတစ်စုံတစ်ရာ မဖြစ်ပေါ်လာအောင် စောင့်ကြည့်လေ့လာသွားမည် ဖြစ်သလို လိုအပ်မှုရှိပါက အစီအစဉ်များအား ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်သွားမည် ဖြစ်သည်။

## တိုင်ပင်ဆွေးနွေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း

- မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် အကျိုးစီးပွားဆက်စပ်မှုရှိသည့် သက်ဆိုင်ရာ အစိုးရအရာရှိများ၊ ဒေသခံများ၊ သက်ဆိုင်သူများနှင့် တတ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင်ဆွေးနွေး၍ ဆောင်ရွက်သွားမည် ဖြစ်သည်။
- ကူညီဆောင်ရွက်ပေးရာတွင် အဖွဲ့အစည်းများအကြား တစ်ဖွဲ့ဆောင်ရွက်ချက်ကို အခြားတစ်ဖွဲ့က မသိရှိပဲ လိုအပ်ချက်တစ်ရပ်အား အလားတူ ကူညီပံ့ပိုးနေခြင်းမျိုး မဖြစ်ပေါ်စေရန်နှင့် အရင်းအမြစ်များကို အကောင်းဆုံး အသုံးချ၍ ကူညီပံ့ပိုးပေးနိုင်ရန်အတွက် အခြားသော မိတ်ဘက်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းသွားမည် ဖြစ်သည်။
- မိမိတို့သည် တာဝန်ယူမှုရှိသော၊ အားလုံးပါဝင်၍ အကျိုးခံစားရသော၊ ရေရှည်တည်တံ့သော စီးပွားရေးလုပ်ကိုင်မှု၊ စီးပွားရေး တိုးတက်မှုနှင့် ဆင်းရင်းနွမ်းပါးမှု လျော့ချရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်းမှ ရရှိလာသည့် အတွေ့အကြုံ၊ အသိပညာများကို ထိန်းသိမ်းပြီး မျှဝေသွားမည်ဟု ခံယူထားပါသည်။
- မိမိတို့သည် လုပ်ငန်းဆောင်ရွက်ချက်များ လုပ်ဆောင်ရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး လိုအပ်သလို ထုတ်ပြန်ပေးသွားမည် ဖြစ်သည်။ ထို့ပြင် ဒေသအလိုက် ဘာသာစကားများကို လေးစားမှုရှိပြီး အထိရောက်ဆုံး ပုံစံဖြင့် ထိတွေ့ဆက်ဆံသွားမည် ဖြစ်သည်။